# ကျန်းမာရေးအာမခံ

ရောဂါကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း ဆေးရုံတက်၍ ကုသမှုခံယူခြင်း၊ ခွဲစိတ်ကုသရခြင်း၊ သေဆုံးခြင်း နှင့် ဆေးရုံ/ဆေးခန်းပြသရခြင်းများအတွက် အကျိုးခံစားခွင့်ပြန်လည်ရရှိနိုင်သော အာမခံအမျိုးအစား ဖြစ်ပါသည်။

| | | |
|---|---|---|
| အာမခံထားနိုင်သူ | - | အသက် (၆) နှစ်မှ (၇၅) နှစ်အတွင်းရှိသူများ။<br>(တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ထားရှိနိုင်ပါသည်။) |
| အာမခံသက်တမ်း | - | (၁) နှစ်။ |
| ပရီမီယံနှုန်း | - | ကျန်းမာရေးအာမခံတွင် အခြေခံအာမခံအကာအကွယ်နှင့် ရွေးချယ်နိုင်သည့်အာမခံ အကာအကွယ်များပါဝင်ပါရှိရာ အသက်အရွယ်၊ ဝယ်ယူသည့်အကာအကွယ်အမျိုးအစား နှင့် ဝယ်ယူသည့် ယူနစ်အပေါ် မူတည်၍ ကောက်ခံပါသည်။ |

**ကျန်းမာရေးအာမခံအကာအကွယ်များနှင့် ဝယ်ယူနိုင်သည့်ယူနစ်များ**

| စဉ် | အာမခံအကာအကွယ် | ဝယ်ယူနိုင်သည့်ယူနစ် |
|---|---|---|
| ၁ | အခြေခံအာမခံအကာအကွယ် | အခြေခံယူနစ် (၁) ယူနစ် မှ (၂၅) ယူနစ်အထိ။ |
| ၂ | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၁) | (၁) ယူနစ် မှ (၂၅) ယူနစ်အထိ။ |
| ၃ | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၂) | (၁) ယူနစ် မှ (၂၅) ယူနစ်အထိ။ |

**ကျန်းမာရေးအာမခံအကျိုးခံစားခွင့်ရရှိနိုင်မှုအခြေအနေများ**

| စဉ် | အာမခံအကာအကွယ် | အာမခံအကျိုးခံစားခွင့် | အကျိုးခံစားခွင့်ငွေ |
|---|---|---|---|
| ၁။ | အခြေခံအာမခံ အကာအကွယ် - တစ်ယူနစ် | - ရောဂါကြောင့်ဆေးရုံတက်ကုသခြင်း<br>- မတော်တဆမှုကြောင့်ဆေးရုံတက်ကုသခြင်း | - ဆေးရုံတက်ရက် (၁) ရက်အတွက် ကျပ် (၁၀,၀၀၀) နှင့် တစ်နှစ်အတွက် အများဆုံးရက်ပေါင်း (၆၀) အထိ။ |
| | | - သေဆုံးခြင်း | - ကျပ် (၁,၀၀၀,၀၀၀) |
| ၂။ | ရွေးချယ်နိုင်သည့်အာမခံ အကာအကွယ်(၁)-တစ်ယူနစ် | - ခွဲစိတ်ကုသခြင်း | - ခွဲစိတ်ကုသမှုအတွက် အမှန်တကယ်တိုက်ရိုက်ကုန်ကျစရိတ်။ (ကျပ် ၅ သိန်းအထိ) |
| | | - ကိုယ်ဝန်ပျက်ကျခြင်း | -ဝယ်ယူထားသည့် ယူနစ်နှင့် မဆိုင်ဘဲ ကျပ် (၃) သိန်း။ |
| | | | - ကိုယ်ဝန်ပျက်ကျခြင်းနှင့်ခွဲစိတ်ကုသခြင်းတပြိုင်တည်းဖြစ်ပေါ်ပါက (၂) ခုပေါင်းအတွက် ကျပ် (၅) သိန်း × အာမခံထားသည့် ယူနစ်ပေါင်းကို စုစုပေါင်းအများဆုံး ပေးချေနိုင်သည့် ပမာဏအဖြစ် သတ်မှတ်သည်။ |
| ၃။ | ရွေးချယ်နိုင်သည့်အာမခံ အကာအကွယ် (၂) - တစ်ယူနစ် | - ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် ဆေးရုံ/ ဆေးခန်းပြသခြင်း။ | - ဆေးရုံ/ဆေးခန်း (၁) ကြိမ်ပြလျှင်(၂,၅၀၀) ကျပ်။ သို့သော် (၁၀,၀၀၀) ကျပ် × အာမခံထားသည့် ယူနစ်ပေါင်းကို စုစုပေါင်း အများဆုံး ပေးချေနိုင်သည့် ပမာဏအဖြစ် သတ်မှတ်သည်။ |

အခြေခံအာမခံအကာအကွယ်ကို သီးခြားဝယ်ယူနိုင်ပြီး ရွေးချယ်နိုင်သည့်အကာအကွယ်များကို သီးခြားဝယ်ယူ၍မရနိုင်ပါ။ ရွေးချယ်နိုင်သည့် အကာအကွယ်ကို မိမိဝယ်ယူထားသော အခြေခံအာမခံအကာအကွယ်ယူနစ်အထိသာ ဝယ်ယူနိုင်ပါသည်။

## ကျန်းမာရေးအာမခံအကျိုးခံစားခွင့်အကျုံးမဝင်သည့်အချက်များ

အောက်ဖော်ပြပါကိစ္စရပ်တခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ဒဏ်ရာရခြင်း၊ ရောဂါရရှိခြင်း၊ ဆေးရုံတက်ရောက်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ ကိုယ်ဂန်ပျက်ကျခြင်း၊ သေဆုံးခြင်း၊ ဆေးရုံ/ဆေးခန်းပြသခြင်းတို့အတွက် အကျိုးခံစားခွင့် အကျုံးဝင်မည် မဟုတ်ပါ။

(၁) ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန် ဆရာဝန်၏ထောက်ခံချက်ရရှိထားခြင်း၊ ရောဂါလက္ခဏာ ရှိပြီးသားဖြစ်နေခြင်း။

(၂) သားဖွားခြင်း၊ ပိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ခွဲစိတ်ကုသမှု။ သို့သော် အာမခံထားပြီးနောက် ကိုယ်ဝန် နှင့် အာမခံထားချိန်တွင်ပုံမှန် ဖြစ်နေသော ကိုယ်ဝန်ကြောင့် ဖြစ်လာသည့်တွဲဖက်ရောဂါများ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါ နှင့် ကိုယ်ဝန်ဆောင် ဆီးချိုရောဂါ) စသည်တို့ကြောင့်ဆေးရုံတက်ခြင်း နှင့် ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။ ထို့အပြင်ရွေးချယ်နိုင်သည့် ကျန်းမာရေးအာမခံအကာအကွယ် (၁) ကို ဝယ်ယူထားပါက အကျိုးခံစားခွင့် ပေးချေရန် အကျုံးဝင်သည်။

(၃) စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း။

(၄) ကျန်းမာရေးဆေးစစ်ရန် ဆေးရုံတက်ရခြင်း၊ အနားယူအားမွေးရန် ဆေးရုံတက်ရခြင်း။

(၅) သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်း နှင့် ခွဲစိတ်ကုသခြင်း။

(၆) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော သွားနှင့် ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း။

(၇) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော မျက်မှန်အပါအဝင်၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံကောင်းမွန်လာအောင် ပြုပြင်ရန်ဖြစ်ခြင်း။

(၈) အလှအပအတွက်ဖြစ်ခြင်း။

(၉) နားကြားကိရိယာတပ်ဆင်ရန်အတွက် ဖြစ်ခြင်း။

(၁၀) ကိုယ်ခန္ဓာချို့ယွင်းခြင်း (သို့မဟုတ်) မသန်စွမ်းခြင်း။

(၁၁) မူးယစ်ဆေးဝါးသုံးစွဲခြင်း။

(၁၂) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း။

(၁၃) AIDS/HIV ဖြစ်ခြင်း။

(၁၄) အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း။

(၁၅) ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် (၃) ရက်နှင့် အောက်ဖြစ်သော ဆေးကုသမှုများ။

(၁၆) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။

(၁၇) မိမိကိုယ်ကိုသတ်သေခြင်း (သို့) မိမိကိုယ်ကိုဒဏ်ရာအနာတရဖြစ်အောင်ပြုလုပ်ခြင်း။

### အာမခံထားရှိလိုပါက

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များသို့ လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။

| စဉ် | အာမခံအကာအကွယ် | အသက် | တစ်ဦးချင်း ထားရှိမှု<br>တစ်လုံးတည်းပေး | အစုအဖွဲ့လိုက် ထားရှိမှု<br>တစ်လုံးတည်းပေး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အခြေခံအာမခံအကာအကွယ်(၁) ယူနစ် | ၆ ~ ၃၀ | ၁၁,၀၀၀ | ၁၀,၅၀၀ | ဆေးရုံတက်ရက် ၁ရက်ကျပ်(၁၀,၀၀၀) အများဆုံး ရက်(၆၀)အထိသာ |
| | | ၃၁ ~ ၄၀ | ၁၄,၃၀၀ | ၁၃,၆၀၀ | |
| | | ၄၁ ~ ၅၀ | ၁၇,၆၀၀ | ၁၆,၇၀၀ | |
| | | ၅၁ ~ ၆၀ | ၂၈,၆၀၀ | ၂၇,၂၀၀ | |
| | | ၆၁ ~ ၇၅ | ၆၁,၆၀၀ | ၅၈,၅၀၀ | |
| ၂ | ရွေးချယ်နိုင်သည့်အာမခံအကာအကွယ်(၁) ၁ယူနစ် | ၆ ~ ၇၅ | ၁၆,၅၀၀ | ၁၅,၇၀၀ | -ခွဲစိတ်ကုသမှု အတွက် အမှန်တကယ် တိုက်ရိုက်ကုန်ကျစရိတ်။ သို့သော်အနည်းဆုံး (၅)သိန်းကျပ်။<br>-ကိုယ်ဝန်ပျက်ကျလျှင် ဝယ်ယူထားသည့်ယူနစ်နှင့် မဆိုင်ဘဲ (၃)သိန်းကျပ်။ |
| ၃ | ရွေးချယ်နိုင်သည့်အာမခံအကာအကွယ်(၂) ၁ယူနစ် | ၆ ~ ၇၅ | ၈,၈၀၀ | ၈,၄၀၀ | ဆေးရုံ/ဆေးခန်း(၁)ကြိမ်ပြလျှင် (၁)ယူနစ် (၂,၅၀၀)ကျပ် ၄ကြိမ်အထိသာ။ |

| No | Description | Age | Premium per Unit (for Individual) | Premium per unit (for Organization) | Remark |
|---|---|---|---|---|---|
| 1 | Basic Cover | 6 ~ 30 | 11,000 | 10,500 | Kyats 10,000/- per day & up to 60 days per Year(Hospitalization) Daily Cash Benefit) |
| | | 31 ~ 40 | 14,300 | 13,600 | |
| | | 41 ~ 50 | 17,600 | 16,700 | |
| | | 51 ~ 60 | 28,600 | 27,200 | |
| | | 61 ~ 75 | 61,600 | 58,500 | |
| 2 | Extra Cover(Option – 1) | 6 ~ 75 | 16,500 | 15,700 | Surgical Cash (Actual Operation Cost But up to Kyats 500,000/-) Miscarriage (Kyats 300,000/-) (Not related With buying units) |
| 3 | Extra Cover(Option – 2) | 6 ~ 75 | 8,800 | 8,400 | Outpatient(Kyats 2,500/- per one time & up to 4 times per year) |